
# ကျံမ

## ရင်ဘတ်ချင်း နီးနီးလေး



DESIGN THEIN SHWE KYI

# အခန်း(၁)

"သုန္ဒရီ"

"ရှင်"

စူးခနဲအသံက နောက်ဖေးအထိရောက်လာတာမို့ လုပ်လက်စ အလုပ်တွေကို ဒီအတိုင်း ဂလုံဂလွမ်မြည်အောင် ပစ်ထားခဲ့ရသည် ။ တစ်မိသားစုလုံး စားသောက်ပြီးသမျှတွေကို ဆေးကြောသုတ်သင်နေရတာပါ။

တနင်္ဂနွေ အလုပ်ပိတ်ရက်ဆို အိမ်အလုပ်က ဇယ်ဆက်သလို မနားမနေ ပိုပြီးပင်ပန်းစေသည် ။ မိုးမလင်းခင်တည်းက မနက်စောစောစားဖို့ ဟိုလူကြိုက်တာ၊ ဒီလူကြိုက်တာ ဟိုဟာပြေးဝယ်ရ၊ ဒီဟာပြေးဝယ်ရ။

အိမ်မှာ ရှိသော တီးမစ်ထုပ်တွေ မကြိုက်ဘူးဆိုသည့် လူအတွက် လက်ဖက်ရည်ဆိုင်က ပါဆယ်ဆွဲပေးရတာကရှိသေး။ ဒီကြားထဲ အပြင်သွားမည့် သူအတွက် မီးပူတိုက်ပြီးသား အဝတ်အစား အဆင်သင့်မရှိလျှင်

"သွားတော့,လာတော့မယ်ဆို ဘယ်တော့မှ ကိုယ်ဝတ်ချင်တဲ့ အဝတ်အစား မီးပူတိုက်ပြီးသား အဆင်သင့်မရှိဘူး၊ အလုပ်ကပြန်လာတာနဲ့ အိမ်အလုပ်မှ တန်းခနဲမလုပ်ချင်တာ၊ ရေချိုးချင်ရတာနဲ့ , ထမင်းစားချင်ရတာနဲ့ ၊ စက်ရုံမှာ ပင်ပန်းခဲ့လို့ ပါဆိုတာက အကြောင်းပြချင်သေးတယ်၊ မနက်စောစော ထမင်းထချက်ရတာလေးနဲ့ အိပ်ချင်လို့ ဆန္ဒပြတာက တ

ဝါးဝါး၊ လက်ကြောကိုမတင်းဘူး”

ဒေါ်တင်တင်ဝေ ထိုသို့ပြောပြီဆို ဦးမြင့်ထွန်းနှင့် သမီးအကြီးမ သိင်္ဂီဝါကပါ -

“မင်းတူမ မင်းကြည့်ပြော၊ သူ့တစ်ယောက်လုပ်စာပဲ ငါတို့ က တစ်မိသားစုလုံး ထိုင်စားနေသလိုလိုနဲ့ ၊ ဟိုဟာလုပ်မပေးချင်သလို, ဒီဟာလုပ်မပေးချင်သလို ဆန္ဒကပြချင်သေးတယ်၊ ငါပွဲစားအလုပ်ကောင်းတုန်းက သူ့ကိုပညာသင်ပေးခဲ့တာ ကျေးဇူးတင်ရမှန်း မသိဘူး၊ အခု အလုပ်မကောင်းတဲ့ အချိန်မှ သူ့မျက်နှာကြည့်စားရမှာ လား”

“ဟုတ်တယ်အဖေ၊ သူက အလုပ်လုပ်ပြီး သမီးက တက္ကသိုလ်တက်နေတာလည်း အမြင်ကြည်ပုံမရဘူး၊ ထမင်းချိုင့်အတွက် ထချက်ရတာကို ဆောင့်ဆောင့်အောင့်အောင့်နဲ့ ၊ အဝတ်အစားလေး လျှော်ပေးဖို့ , မီးပူတိုက်ပေးဖို့ ပြောရတာလည်း အာပေါက်မတတ်ပဲ၊ သမီးကတက္ကသိုလ်ကို အင်္ကျီအနွမ်းအကြေနဲ့ တက်ရမှာ လား”

ထိုအချိန်မျိုးမှာ အငယ်ကောင်လမင်းမောင်က လက်သီးလက်မောင်းတန်း၍ -

“ဒီတစ်ခါ သားသူငယ်ချင်းတွေရှေ့ ဆရာကြီးလာလုပ်ရင် အသက်ကြီးတာ, ငယ်တာတွေ တွေးနေမှာ မဟုတ်ဘူး ၊ ဆွဲထိုးပစ်မှာ ၊ သားဘာသာ ဆယ်တန်းဘယ်နှခါကျကျ, ဆေးလိပ်သောက်သောက်, ဘီယာသောက်သောက်, သူနဲ့ ဘာဆိုင်လဲ၊ ကိုယ့်ကို ပြဿနာလာရှာတဲ့ သူရှိရင်လည်း ရန်ဖြစ်ချင်ဖြစ်မှာ ပေါ့၊ ကိုယ့်အစ်မအရင်းလည်း ဟုတ်တာမှ မဟုတ်ဘဲနဲ့ ၊ ဘာမှန်းမသိဘူး”

ဘာတွေလုပ်လုပ် တစ်မိသားစုလုံးရဲ့ အကောင်းမြင်မခံရဘဲ အိမ်အကူကျွန်တစ်ယောက်လို ပေးဆပ်ခဲ့ရတာ။ လေးတန်းကျောင်းသူ အရွယ်

လောက်ကတည်းက ဖြစ်လိမ့်မည်ထင်သည် ။

"ဟဲ့ ခေါ်လိုက်တာကို ရောက်ရင်ရောက်တဲ့ အကြောင်း မပြောဘူး၊ ဘာရပ်လုပ်နေတာလဲ"

"ရှင် ဟုတ် ဟုတ်ကဲ့၊ ရောက်ပါပြီ အန်တီဝေ၊ သုံသုံ့ကို ဘာခိုင်းစရာ ရှိလို့ လဲ"

"ခိုင်းမလို့ မဟုတ်ဘူး ၊ မေးစရာရှိလို့ ၊ ပြောစရာရှိလို့ ၊ ထိုင်ဦး"

နှစ်ယောက်ထိုင်ခုံ နှစ်ခုံတည်းသာရှိသော ဆက်တီခုံမှာ မိသားစု လေးယောက်လုံး ပြည့်နေတာမို့ ကော်ခွေးခြေခုံလေးယူ၍ မဝံ့မရဲ ဝင်ထိုင်လိုက်ရသည် ။

အားလုံးရဲ့ မျက်နှာများက ဂုဏ်ခနကြွယ်ဝသည့် အိမ်ကြီးရှင်တွေလို မာန်ထည်ဝင့်လို့ ။

"သုန္ဒရီ"

"ဟုတ်ကဲ့"

"ညည်းကို လာပြီးတောင်းရမ်းမယ်ဆိုတဲ့ သူက ဘယ်အချိန် ဘယ် နေ့လာမှာ လဲ"

"ရှင် ဟိုလေ၊ သူ့အဖေ နိုင်ငံခြားဆေးကုရာက ပြန် လာပြီးမှ "

"ဘာ၊ သူ့အဖေကို နိုင်ငံခြားကိုတောင် ဆေးသွားကုနိုင်တယ် ဟုတ် လား၊ ဒါဆို ငါတို့ ခန့်မှန်းတာထက်တောင် ပိုပြီးချမ်းသာနေတာပေါ့"

"ဟဲ့ ငါတို့ မှာ အကြွေးသိန်းလေးငါးဆယ်လောက်ရှိတာ ပြောထား တယ်မဟုတ်လား၊ အိမ်ဂရန်က သိန်းတစ်ရာနဲ့ ပေါင်ထားတာ၊ ပြီးတော့ သည် အလုပ်မရခင် ပညာသင်ထားပေးရတဲ့ ကုန်ကျငွေတွေလည်း ရှိ

သေးတယ်နော်”

“ငါ့အတွက်လည်း အရင်းအနှီးလိုသေးတယ်၊ အဲဒီအရင်းအနှီးရမှ မိသားစုကရော ပတ်ဝန်းကျင်ကရော ငါ့ကို ပြန်အထင်ကြီးရကောင်းမှန်း သိမှာ ”

“သားကတော့ ဒီနှစ်ဆယ်တန်းကို ဘော်ဒါကနေ ဖြေမှာ နော်၊ အဲဒါမှ သားလိုချင်တဲ့ လိုင်းရမှာ ”

“အောင်မာ ဒီလောက်နဲ့ ပြီးသွားလို့ ရမလား၊ သမီးက ဒီအတိုင်းမြန်မာပြည်က ဘွဲ့လေးတစ်ဘွဲ့ ရရုံနဲ့ တော့မဖြစ်ဘူး၊ နိုင်ငံခြားမှာ ကျောင်းဆက်တက်ပြီး ပညာတွေ လိုချင်သေးတယ်၊ သုံးသုံး အဲဒီကိစ္စ နင့်လူကိုပြောပေးဖို့ မမေ့နဲ့ ၊ ငါ့ကိုချန်ထားခဲ့လို့ ကတော့ မင်္ဂလာပွဲပျက်ပြီသာမှတ်”

တစ်ယောက်တစ်ပေါက် ပြောနေတာတွေ နားထောင်ပြီး သုန္ဒရီရင်တွေပန်းတွေ တုန်နေမိသည် ။ မိမိကို ဈေးဖြတ်ပြီး ရောင်းစားနေကြတာနှင့် မတူပေဘူးလား။

နိမိတ်ကောင်းဆိုသည့် သူမ, ချစ်သူက ချမ်းသာကြွယ်ဝသည့် လုပ်ငန်းရှင်တစ်ယောက်ဆိုတာတော့ မှန်ပါသည် ။ သူမနှင့် ဆုံစည်းမှုက ပုံပြင်မဆန်၊ ကဗျာမဆန်ပါဘဲ ချစ်သူဘဝရောက်တာ မြန်ဆန်သည် ဟု ပဲ ပြောရမလား။

သူမ စက်ရုံဖယ်ရီကားပေါ်က အဆင်းမှာ သူ့ကားနှင့် ပွတ်တိုက်မိမလိုဖြစ်ပြီး လဲကျသွားတာမို့ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ ကားပေါ်ပွေ့တင်ကာ ဆေးခန်းကိုခေါ်ခဲ့သည် ။ ဆေးကုသကုန်ကျစရိတ်တွေလည်း ခံပြီး စက်ရုံမှာ ခွင့်ရက်ရှည်နားလို့ ရအောင်လည်း သူပဲ စီစဉ်ပေးခဲ့၏။

"မင်းတို့ စက်ရုံပိုင်ရှင်သူဌေးက ကိုယ်နဲ့ ပါတနာတွေပါ၊ နားပြီးလို့ အလုပ်ပြန်ဆင်းရင် ရာထူးပါတိုးပေးလိမ့်မယ်၊ ဒါမှ မဟုတ် လစာပေါ့၊ မင်းအခက်အခဲအတွက် ကိုယ်က အကူအညီတောင်းခဲ့တာပါ"

တိုပြတ်တင်းမာသော ဂရုစိုက်မှုအတွက် အံ့ဩရင်းနှင့် ကျေးဇူးတင်ခဲ့မိသည် မှာ ပြောမပြတတ်အောင်ပင်။ တကယ်ဆို သူမ မှီခိုတွယ်ကပ်နေခဲ့ရသော ဒီမိသားစုရဲ့ စီးပွားရေးအခြေအနေက လုံးဝအဆင်မပြေဘူး မဟုတ်လား။

အဒေါ်ဝမ်းကွဲရဲ့ ယောကျ်ား ဦးမြင့်ထွန်းက အရင်းအနှီးမရှိတာကို အကြောင်းပြပြီး ဘာအလုပ်မှ မလုပ်သလို ဖဲရိုက်တာဝါသနာပါသော အဒေါ်ကလည်း မြိုးမြိုးမြက်မြက် အထုပ်အထည်နဲ့ ရအောင်ဆိုပြီး အိမ်ဂရန်ကိုပါ ပေါင်၍ သုံးဖြုန်းခဲ့၏။

သိင်္ဂီဝါကဆိုလည်း သူဌေးသမီးလိုကို သုံးချင်ဖြုန်းချင် ပေါ်ကြော့နေချင်တာ။ အငယ်ကောင် လမင်းမောင်ကတော့ အပေါင်းအသင်းမက်ပြီး ပညာရေးဘက်မှာ အားနည်းကာ ဂျစ်တီးဂျစ်ကန် မိုက်တိမိုက်ကန်းနှင့် ဘယ်လိုမှ ဆက်ဆံလို့ အဆင်မပြေခဲ့ပေ။

အခုဒီကိစ္စမှာ သူတို့ သဘောနှင့် သူတို့ ဆုံးဖြတ်အပိုင်တွက်နေကြတာ သူမဘာလုပ်ရမလဲ။

"အောင်မလေးတော်၊ ငါတို့ ပြောနေတာ စိတ်ဝင်စားမှုရော ရှိရဲ့လား သုန္ဒရီရဲ့ ၊ ဘာပြောလိုက် ပြောလိုက် ဘာတွေတွေးနေမှန်း မသိဘူး ၊ ငေးမှိုင်နေတော့တာပဲ"

"မ မဟုတ်ပါဘူး အန်တီဝေ၊ သုံးသုံး လုပ်လက်စအလုပ်တွေ မပြတ်သေးလို့ ပါ"

"မပြတ်ရင် ပြီးတော့ ပြတ်အောင်လုပ်ပေါ့၊ အခု စကားပြောတာပဲ အာရုံစိုက်စမ်းပါ"

"ဟုတ်ကဲ့"

"သူက ဘယ်နေ့ပြန်လာမှာ တဲ့ လဲ"

"မ မသိဘူး အန်တီဝေ၊ သူ့အဖေ သက်သာတာနဲ့ ပြန်လာမယ် ပြောပါတယ်"

"ကိုယ်တစ်ခြမ်းသေသလို လေဖြတ်သွားတဲ့ လူက ဘယ်လောက်ထူးပြီး သက်သာလာမှာ လဲ၊ ပိုက်ဆံချမ်းသာလို့ ငွေသွားဖြုန်းတာပဲ ဖြစ်မယ်၊ ဒီမယ် အဲဒီညည်းချစ်သူ နိမိတ်ကောင်းဆိုတဲ့ ကောင်လေးလာရင် ငါတို့ နဲ့ အရင်လာတွေ့လှည့်ဦးလို့ ပြောလိုက်"

"အိမ်ကို နှစ်ခါ, သုံးခါ လိုက်ပို့ဖူးတယ် မဟုတ်လား၊ အဲဒီတုန်းက ငါတို့ နဲ့ ဘာလို့ မိတ်ဆက်မပေးတာလဲ"

"ဟို သူက ဒီအတိုင်းပဲ လိုက်ပို့ပြီး ပြန်သွားလို့ ပါ၊ အလုပ်ကိစ္စတွေက အမြဲတမ်း အရေးကြီးနေတဲ့ သူဆိုတော့"

"ကြီးကျယ်လို့ ၊ ဘယ်လောက်ပဲ အရေးကြီးကြီးပေါ့ ညည်းရဲ့ အုပ်ထိန်းသူဖြစ်တဲ့ ငါတို့ ကို လေးစားမှုတော့ ရှိရမှာ ပေါ့အေ့၊ ဘာလဲ အဆင့်အတန်းခွဲခြားတတ်တဲ့ သူလား၊ ငါတို့ ကို မတူမတန်ဘူး ထင်လို့ တဲ့ လား"

"အဲလိုသဘောတော့ မဟုတ်ပါဘူး၊ အဆင့်အတန်းခွဲတတ်ရင် သုံသုံ့လို မိန်းကလေးကို သူဘယ်ကြိုက်မှာ လဲ"

"အေး အဲဒါတော့ဟုတ်တယ်၊ ဒါနဲ့ နေပါဦး၊ အဲဒီကောင်ကို ညည်းနဲ့ ငါတို့ နဲ့ ပတ်သက်မှု ဘယ်လိုပြောထားလဲ"

“ဦးလေးတွေ အဒေါ်တွေလို့ ပဲ အသိပေးထားပါတယ်၊ မိဘတွေ မရှိတော့လို့ မှီခိုအားကိုးနေရတယ်လို့ ”

“အေး အဲလိုပဲဖြစ်ရမှာ ပေါ့၊ ဒါ အမှန်ပဲဥစ္စာ၊ ညည်းအဖေ သေခါနီး ဆဲဆဲမှာ ငါတို့ ကိုသာ အပ်မထားခဲ့ဘူးဆိုရင် ခုချိန်ဆို ညည်းဘဝ သောင်ပြင်လွှတ်တဲ့ ခွေးလို အမှီအတွယ်မရှိ ဒုက္ခရောက်မှာ အသေအချာပဲ၊ စီးပွားပျက်လို့ ဒေဝါလီခံလိုက်ရတဲ့ အပြင် အကြွေးရှင်တွေက အိမ်ဂရန်ပါ သိမ်းထားလို့ နေစရာတောင် မရှိဘူးမဟုတ်လား”

ဒါတော့ သူမ မငြင်းနိုင်ပေ။ စီးပွားရေးလောကအကြောင်းကို မမေ့လောက်တောင် နားလည်မှုမရှိသော ဖေဖေက အောက်လက်ငယ်သား တပည့်တွေကိုပဲ အားကိုးခဲ့သည် ။

ယုံမှတ်လို့ ပုံအပ်တော့လည်း လူလည်လုပ် ခေါင်းပုံဖြတ်တာ ခံရတော့တာပေါ့၊ တကယ်တမ်း ဒုက္ခရောက်ခဲ့ရတာက သူမ။

သုံးတန်းအောင်လို့ လေးတန်းတက်ရမည့် နှစ်မှာ -

“ဖေဖေ့အပေါ် သစ္စာမရှိတဲ့ သူတွေကို မောင်းထုတ်လိုက်ပြီသမီး၊ အဲဒါကြောင့် ဘယ်သူမှ လည်း မရှိတော့ဘူး၊ အရင်က မြှောက်ပင့်ကပ်စားနေတဲ့ သူတွေလည်း ဖေဖေတို့ စီးပွားပျက်တော့ အကုန်သွားကုန်ကြပြီ၊ အဲဒါကြောင့် သမီးက ဖေဖေမရှိတော့ရင် အန်တီတင်တင်ဝေတို့ နဲ့ နေရမယ်နော်၊ အန်တီဝေက သမီးမေမေရဲ့ ညီမဝမ်းကွဲတော်တယ်၊ ကျန်ရစ်ခဲ့တဲ့ ပစ္စည်းတွေကို ရောင်းချ, ပေါင်နှံပြီး သမီးကို ပြုစုစောင့်ရှောက်ပါလိမ့်မယ်”

ထိုသို့ မှာ ခဲ့တာတွေကို ထိုအချိန်က ဘာရယ်လို့ သေချာမသိခဲ့ပေ။ တကယ်တမ်း ဖေဖေဆုံးလို့ အန်တီဝေတို့ ရောက်လာချိန်မှာ တော့ ဖေဖေချန်ထားခဲ့သော အရာမှန်သမျှက ဖေဖေ့နာရေးအတွက် အားလုံးကုန်

သွားပြီဟု စာရင်းတင်သည် ။ သူမဘာဝ ရှေ့ခရီးအတွက်က အန်တီဝေတို့က ဆပ်မကုန်နိုင်မို့ ကျေးဇူးရှင်တွေပေါ့၊

"ငါတို့ ပြောတာ နားလည်လား သုန္ဒရီ"

"ဟုတ်ကဲ့၊ နားလည်ပါတယ် အန်တီဝေ"

"အေး ကျေးဇူးတရားကိုသိမှ ပေးဆပ်ရမှာ ကို နားလည်မှာ ပေါ့၊ အဲဒါကြောင့် ညည်းကောင်ကို ဒီလိုအကြောင်းရှိတယ်ဆိုတာကို ပြောထား၊ ညည်းမပြောရဲရင် ငါတို့ ကိုယ်တိုင်ပြောမယ်၊ ဒီကိစ္စတွေမှ ဖြေရှင်းမပေးနိုင်ရင် သဘောမတူနိုင်ဘူးလို့ ရှင်းရှင်းပဲ"

"ဟုတ်တယ်၊ အဲလို ပြတ်ပြတ်လုပ်တာကောင်းတယ်"

"သားကတော့ ဒီကိစ္စ မလိုက်လျောကြည့်ပါလား၊ သူငယ်ချင်းတွေခေါ်ပြီး တွေ့တာနဲ့ ဖြမှာ ပဲ"

"ငါ့ကိုလည်း မပြောမရှိနဲ့ နော် သုန္ဒရီ၊ အရုက်ကွဲမယ်သာ ပြင်ထား"

လူမိုက်စကားပြောပြီး ကြိမ်းမောင်းနေလိုက်ကြတာ အသက်ရှူကျပ်လို့ နေစရာတောင်မရှိပေ။

ဒါဟာ သူမရဲ့ အကြောင်းကံလား။ ဝဋ်ကြွေးလား။

ဘာဖြစ်ဖြစ် ဒါကိုပဲ ကျေနပ်နေရကာ။

*

# အပိုင်း ( ၂ )

"နင့်အဒေါ်တွေက နင့်ကို စျေးကောင်းကောင်း နဲ့ ရောင်းစားဖို့ ဆုံးဖြတ်ထားတဲ့ ပုံပဲ၊ ဘာလုပ်မှာ လဲ၊ နင် အဲဒီအကြောင်းတွေ နိမိတ်ကောင်းကို ပြောရဲလား"

"ဘယ်လိုလုပ် အရှက်မရှိ ပြောထွက်မှာ လဲ၊ သူဘယ်လောက်ပဲ ချမ်းသာချမ်းသာ ငါ့ကိုဝယ်ရမယ့် အဖြစ်မျိုးဆိုရင် သူလည်း ငါ့ကို အထင်သေးသွားမှာ ပဲ၊ ဒါမှ မဟုတ် ဒီလိုအသိုက်အဝန်းက မိန်းကလေးဆိုပြီး စိတ်ပျက်ချင်လည်း ပျက်သွားနိုင်တယ်"

"စိတ်ပျက်ရုံလောက်ဆိုရင် တော်သေးတာပေ့ါ၊ အထင်သေးရင်တော့ နင့်ဘဝတစ်ခုလုံးသွားပြီ"

"အဲဒါကြောင့် သူနဲ့ လက်မထပ်တော့ဘဲ ငါတို့ ဇာတ်လမ်း အဆုံးသတ်ရမလားလို့ စဉ်းစားမိတယ်"

"စိတ်ညစ်စရာကောင်းလိုက်တာဟယ်၊ နင့်ကို သူဌေးနဲ့ ညားရင် ဒီဘဝက လွတ်ပြီကျွတ်ပြီဆိုပြီး ဝမ်းသာနေတာ၊ သူဌေးက အပျော်ရှာချင်တာမဟုတ်ဘဲ လက်ထပ်ဖို့ အထိ ရည်ရွယ်ခံရတာ ဘယ်လောက်ကံကောင်းလိုက်သလဲ၊ နင့်အဒေါ်မိသားစုက လွန်ကိုလွန်ပါတယ်ဟယ်"

စုစုပြောတာ မှန်နေတာမို့ သူမ ဘာမှ ပြန်မပြောနိုင်ပေ။ တစ်ရပ်ကွက်တည်းမှာ နေပြီး တစ်စက်ရုံတည်း အလုပ်အတူတူလုပ်ကြသော စုစု

က သူမအခြေအနေကို အစအဆုံး သိနေသူပင်။

စက်ရုံသွားချိန်နှင့် ပြန်ချိန်များမှာ စုစုကို သူမက ရင်ဖွင့်ပြတတ်သည် မဟုတ်လား။

“စုစု”

“ဟင်”

“ဟို ရေတမာပင်အောက်မှာ ခဏထိုင်ရအောင်ဟယ်”

“ဟဲ့ ညကြီးမိုးချုပ် ငါတို့ ကို မကောင်းတဲ့ မိန်းကလေးတွေလို့ ထင်သွားပါဦးမယ်”

“ကိုယ့်ရပ်ကွက်ထဲတောင် ဝင်နေပြီပဲ၊ အကြောင်းရှိလို့ စကားပြောနေတယ်ပဲ ထင်ကြမှာ ပါ၊ အိမ်ရောက်ရင် အလုပ်တွေကို စုပြုံလုပ်ရတာ ပင်ပန်းလို့ ပါ၊ ဆယ့်နှစ်နာရီ တစ်နာရီ အိပ်တဲ့ အချိန်ထိ တစ်စက်လေးမှ နားရတော့မှာ မဟုတ်ဘူး ”

“အေး ဒီနေ့ စက်ရုံကလည်း အရမ်းပင်ပန်းတယ်၊ နားချင်နားလေ၊ နင့်အိမ်ကဟာတွေ လုံးဝကိုစာနာစိတ် မရှိကြဘူး၊ မနက်ကျလည်း သူတို့ အတွက် ချက်ပြုတ်လုပ်ကိုင်ပေးရတယ်၊ စားသောက်ထားသမျှ ပန်းကန်ခွက်ယောက်တွေလည်း ညနင်ပြန်အလာ ဆေးဖို့ ကြောဖို့ စုပုံထားကြတယ်၊ အိမ်မှာ အလကားလိုနေနေကြပြီး ကိုယ့်အဝတ်ကိုယ်လည်း မလျှော်ကြ, မီးပူလည်း မတိုက်ကြနဲ့ သက်သက်ဗိုလ်ကျနေကြတာ”

စုစုက ရေတမာပင်ကိုမှီရင်း မကျေမချမ်းပြောသည် ။ သူမကတော့ ထမင်းဘူးပါသော ခြင်းလေးကို ဘေးနားမှာ ချပြီး အောက်မှာ ထိုင်ချပစ်လိုက်သည် ။

အမောမပြေပေမယ့် အညောင်းအညာတော့ အနည်းငယ်ပြေသွားသ

လိုပင်။

"သူတို့ လည်း စီးပွားရေးအဆင်မပြေတော့ စိတ်မအား လူမအား ဖြစ်နေကြတာ နေမှာ ပေါ့ပါဟယ်၊အပြစ်လည်း ပြောမနေချင်တော့ပါဘူး "

"ဘာမအားတာလဲ၊ နင်တို့ ဒီကိုပြောင်းလာကတည်းက ဘယ်သူမှ အလုပ်လက်ကြောတင်းတင်းလုပ်တာ မတွေ့ဖူးပါဘူး၊ ရှိတဲ့ ပစ္စည်းကို ရောင်းချပေါင်နှံ စားရုံလောက်ပဲတတ်တာ၊ အားလုံးလည်း ကုန်ရော နင့်ကို ကျောင်းထုတ်ပြီး အလုပ်လုပ်ခိုင်းတော့တာပဲ မဟုတ်လား၊ ဒါလည်း လစာငါးသောင်းခြောက်သောင်းမလောက်၊ အခု တစ်သိန်းကျော် ထုတ်ရတော့ရော ညည်းညူနေတုန်းပဲ မဟုတ်လား၊ ဘာဝင်ငွေမှ မရှိလည်း ငြိမ်ငြိမ်နေကြတာ မဟုတ်ဘူး ၊ အသုံးအဖြုန်းမှ မတတ်ကြတာ၊ ဒီလိုဖြစ်မှာ ပဲ"

"ပေနှစ်ဆယ်အိမ်လေးက အခွံပဲကျန်တော့လို့ ငါ တော်တော် စိတ်ညစ်သွားတာ၊ တကယ်ဆို အိမ်ဂရန်ပေါင်တုန်းက ရတဲ့ ငွေနဲ့ အရင်းအနှီး လုပ်လိုက်ရင် အဲလောက်မဆိုးသေးဘူး"

"နင် နိမိတ်ကောင်းနဲ့ လက်ထပ်ပြီး ဒီအိမ်ကို လှည့်မကြည့်ဘဲ နေလိုက်ပါလား၊ မပေးလို့ ဆိုပြီး တရားစွဲလို့ မှ မရတာ"

"စုစုရယ် အဲလိုလုပ်ရင် အတောင်အလက်စုံမှ ကျေးဇူးကန်းတယ်လို့ အပြောခံရမှာ ပေါ့၊ ငါအဲလိုလူတော့ မဖြစ်ချင်ဘူး စုစု၊ ဖေဖေ မရှိတော့တဲ့ နောက်ပိုင်း သူတို့ တွေ ငါ့အပေါ် ဘယ်လိုပဲဆက်ဆံဆက်ဆံ ငါ့ဘဝ လုံခြုံခဲ့ရပါတယ်၊ မိသားစုအသိုက်အမြုံနဲ့ နေရသလိုလည်း ခံစားရတယ် ၊ တကယ်ဆို ငါ့ကို ဒီအရွယ်ထိ မစောင့်ရှောက်ဘဲ မိဘမဲ့ဂေဟာတွေ ဘာတွေမှာ သွားစွန့်ပစ်လို့ ရနေတာပဲ"

"အဲဒါကမှ ကိုယ်ကောင်းရင်ကောင်းသလို ပညာရေးဆုံးခန်းတိုင်

အောင် သင်ခွင့်ရဦးမယ်၊ အခုက ငယ်ငယ်တည်းက သူတို့ အလုပ်တွေကို အိမ်ဖော်တစ်ယောက်လို လုပ်ပေးခဲ့ရတာဆို”

ဒါလည်း သုန္ဒရီမငြင်းနိုင်ပေ။ တစ်ခုခု မှားယွင်းလိုက်တာနဲ့ အဆူအဆဲ ပြောဆိုရိုက်ပုတ်တာလည်း ခံခဲ့ရတာပဲ မဟုတ်လား။

“ ဒါပေမဲ့ ငါ အထီးမကျန်ခဲ့ဘူး စုစု၊ အဆင်မပြေတဲ့ မိသားစု အသိုက်အမြုံထဲ ရောက်ရတယ်လို့ ပဲ ငါ အောက်မေ့တယ်”

“အေးလေ၊ နင်က ကျေနပ်ပေးနေတော့လည်း ဘာတတ်နိုင်မှာ လဲ၊ ဒါနဲ့ နိမိတ်ကောင်းက သူ့အဖေကို နိုင်ငံခြားဆေးသွားမကုခင် နင့်ကို လာတွေ့ဦးမှာ လား”

“အင်း၊ မနက်ဖြန် အလုပ်တစ်ရက် ဖျက်လိုက်လို့ ပြောတယ်၊ သူ့ဒွေးကိုလည်း ပြောပေးမယ်၊ ငွေလည်း သူစိုက်ပေးမယ်တဲ့ ”

“အလုပ်ပိတ်တဲ့ ရက်ကတော့ တွေ့ကြတာ မဟုတ်ဘူး ”

“ငါ မအားဘူးလို့ ပြောလိုက်တာ၊ နေရတဲ့ အခြေအနေကို အမှန်အတိုင်း အကုန်မပြောဖြစ်ပေမယ့် သူလည်း နားလည်သင့်သလောက် နားလည်နေတယ်ထင်တယ်”

“အမှန်အတိုင်းပြောပြီး ဒီဘဝထဲက အမြန်ကယ်ထုတ်ခိုင်းသင့်တာ၊ သားသမီးအရင်း အိမ်ထောင်ကျသွားရင်တောင် ဘာမျှော်ကိုးခွင့်ထားလို့ မရတာ သူတို့ သဘောပေါက်သင့်တယ်”

“သားသမီးအရင်းဆိုရင် ပေးဆပ်ရမယ့် ဝတ္တရားတစ်ခုပဲ သူတို့ သိမှာ ပေါ့၊ ငါ့ကိုတော့ ကျေးဇူးတရားနဲ့ တုပ်နှောင်ထားတာ၊ ရုန်းထွက်ချင်ရင်တောင် ဒဏ်ခတ်ခံရမှာ ပဲ”

“ရင်မောလိုက်တာ သုံသုံရယ်၊ ဟဲ့ ဟိုမှာ ဆိုက်ကားပေါ်ကလူတွေ

တရွတ်ရွတ် တရှဲရှဲနဲ့ အသံပေးနေတယ် ကြားလား၊ အံမယ် တစ်ယောက်က လက်ယပ်ခေါ်ပြီး အချက်တောင်ပြသွားလိုက်သေးတယ်၊ လာ လာ ပြန်ရအောင်၊ အမှောင်ထဲမှာ မနေသင့်တော့ဘူး”

“အေး အေး၊ ပြန်မှ ပဲ”

နှစ်ယောက်သား ကြောက်ကြောက်လန့်လန့်ဖြင့် အိမ်ပြန်ခဲ့ကြသည်။ နှမချင်းမစာမနာ မတော်တရော် လုပ်ချင်သည့် လူအချို့ကြောင့် မိန်းကလေးတွေဘဝက အုပ်ထိန်းမှုမဲ့လျှင် မလုံခြုံနိုင်ပေ။

ဒီလိုအခြေအနေမျိုးတွေ ရှိတတ်တာကို သိနေလို့ လည်း ခိုလှုံခွင့်ပေးထားသော ဒီမိသားစုကို ကျေးဇူးရှင်လို့ သတ်မှတ်နေရတာပါ။ ဒါကြောင့် လွတ်မြောက်ခွင့် မရှာဖြစ်ဘဲ။

*

# အခန်း ( ၃ )

နိမိတ်ကောင်းကားကို မြင်လိုက်ရ၍ သူချိန်းသောနေရာကို သိပ်မရှာလိုက်ရပေ။ ဘယ်တော့မဆို နာမည်ကြီး ထိပ်တန်းစားသောက်ဆိုင်ကြီးတွေ၊ ကော်ဖီဆိုင်ကြီးတွေကို ရောက်အောင်လာခိုင်းတတ်ပြီး တန်ဖိုးကြီးတာတွေနှင့် ဧည့်ခံတတ်သည် ။

နိမိတ်ကောင်းက သူမထက် အသက်သုံးလေးနှစ်သာ ကြီးပေမယ့် စီးပွားရေးမှာ တော့ အောင်မြင်နေသော လုပ်ငန်းရှင်တစ်ယောက်ပင်။

သူ့မှာ မိသားစုမွေးချင်းဆိုလို့ ညီမတစ်ယောက်နှင့် အဖေသာရှိပြီး စီးပွားရေးရော မိသားစုအရေးရော သူတစ်ယောက်သာ ဦးဆောင်တာဝန်ယူနေရသည် ဟု ပြောဖူးသည် ။

အသားက ညိုစိမ့်စိမ့်၊ အရပ်အမောင်းက မြင့်မြင့်မားမားနှင့် မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်တို့ ပေါင်းစပ်ကာ ယောကျ်ားပီသခံ့ညားသော နိမိတ်ကောင်းက မိန်းကလေးတစ်ယောက်အနေဖြင့် ပုံအပ်ပြီး အားကိုးချင်စရာပါ။

ဒါပေမဲ့ ထောင့်ချိုးညီ ပိရိသေသပ်သော နှုတ်ခမ်းပါးတို့ က နူးညံ့ညင်သာညက်ညောသည့် စကားလုံးတို့ တော့ မသုံးနှုန်းတတ်ပေ။ ငွေကြေးချမ်းသာသည့် ဂုဏ်ဒြပ်ရှိသော အသိုက်အဝန်းကမို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိတာကြောင့် လားတော့ မသိ။

လေသံက အထက်စီးဆန်လျက် သူမအပေါ် သိမ်မွေ့စွာ မဆက်ဆံတတ်တာကို နားလည်ပေးခဲ့ရသည် ။

“သုံသုံ ကိုယ်ဒီမှာ ”

အတွေးပေါင်းစုံနှင့် ဆိုင်အဝမှာ ရပ်နေမိသော သူမကို နိမိတ်ကောင်းက လက်လှမ်းပြပြီးခေါ်သည် ။

စက်ရုံဆင်းသလိုနှင့် အိမ်က ဟန်မပျက်ထွက်လာတာမို့ ထမင်းဘူးပါသော သူမလက်ထဲက ဆွဲခြင်းလေးကို နိမိတ်ကောင်းက မျက်မှောင်ကြုတ်ကြည့်သည် ။

“အဲဒါကြီးက ပါလာပြန်ပြီ”

“ထမင်းဘူးပါမှ စက်ရုံဆင်းတယ်လို့ ထင်ပြီး အိမ်ကထွက်လို့ ရမှာ ကိုကောင်းရဲ့ ၊ အဲလိုမှ မဟုတ်ရင် အိမ်အလုပ်တွေမအားတာနဲ့ ဘယ်မှ ထွက်ရမှာ မဟုတ်ဘူး ”

“ထားပါတော့၊ ဘာစားမလဲ ဘာသောက်မလဲ”

“အိမ်က ထမင်းကြော်စားလာလို့ ကော်ဖီတစ်ခွက်လောက်ဆို ရပါပြီ ”

သူမ လောဘတကြီး မတောင်းဆိုတတ်တာကို သိထားတာမို့ ဘာမှ ဆက်မမေးဘဲ ကော်ဖီတစ်ခွက်သာ မှာ ပေးလိုက်သည် ။

ကော်ဖီခွက်ရောက်လာချိန်မှာ သူမရှေ့တိုးပေးရင်း မျက်နှာလှလှလေးကို တစိမ့်စိမ့်ကြည့်ကာ အကဲခတ်မိ၏။

ဖြူဝင်းနုဖပ်နေသော အသားအရေက ဆင်းရဲပင်ပန်းသောဘဝမှာ နေရသည် လို့ ဘယ်လိုမှ ထင်ရက်စရာမရှိ၊ မျက်လုံးပြူးလေးတွေက

အပြစ်ကင်းသယောင်ရှိပြီး ပန်းနုရောင်သမ်းနေသော နှုတ်ခမ်းပါးလေးတွေက သူများ တွေလို စွာတေးလန်ပြီး ရန်တွေ့တတ်တာမျိုးလည်း မဟုတ်ပေ။

"ကိုကောင်း ပြောစရာရှိတယ်ဆို"

"သြော် အင်း၊ ကိုယ် နောက်အပတ်ထဲမှာ သွားဖို့ လေယာဉ်လက်မှတ်ဝယ်ပြီးသွားပြီ၊ အဲဒါ ကိုယ်ပြန်လာတာနဲ့ မင်းနဲ့ လက်ထပ်မယ်"

"အဲ အဲဒီကိစ္စက မဖြစ်နိုင်တော့ဘူးထင်တယ်"

"ဘာ မင်း ဘာပြောတယ်"

လေသံမာမာနှင့် အလန့်တကြားပင်၊ အော်လိုက်တာမို့ ကော်ဖီခွက်ကိုင်ထားသော သူမလက်လေး ဆတ်ခနဲ တုန်သွားရသည် ။

နိမိတ်ကောင်း မျက်ခုံးနှစ်ခုက တွန့်ချိုးမှုန်ကုပ်နေကာ -

"မေးနေတယ်လေ ဘာဖြစ်တာလဲလို့ "

"ဟို သုံသုံ"

"အကြောင်းအရင်းကို မြန်မြန်ပြောပါ၊ မင်း တစ်ကောင်ကြွက် မဟုတ်ဘူး လား၊ ဘယ်သူက ကိုယ်နဲ့ သဘောမတူလို့ လဲ"

"အဲလို မဟုတ်ပါဘူး၊ သုံသုံမှာ အုပ်ထိန်းသူတွေရှိနေတာ ရှင်သိတယ်မဟုတ်လား"

"သူတို့ က ကန့်ကွက်လို့ လား"

"ဟို အခွင့်အရေးတွေ တောင်းဆိုနေကြလို့ ၊ ရှင် ရှင့်ကို အားနာတယ်"

"ပွင့်ပွင့်လင်းလင်းပြော၊ သူတို့ က ဘယ်လိုအပေးအယူလုပ်ချင်တာ

လဲ”

“ဟင့်အင်း နေပါစေ၊ ရှင်နဲ့ လက်မထပ်ရင် သူတို့ ဘာမှ တောင်းဆိုလို့ မရတော့ဘူး၊ ရှင်လည်း သုံးသုံ့ကို အထင်သေးစရာ အကြောင်းမရှိဘူး၊ ပြီးတော့ အားနာရမယ့် ကိစ္စမျိုးလည်း ”

“နေဦး၊ မင်း အဲဒါတွေမပြောနဲ့ ၊ ကိုယ်မေးတာပဲဖြေ၊ သူတို့ ဆီက မင်းနဲ့ လက်ထပ်ခွင့်ရဖို့ ကိုယ့်ဆီက သူတို့ ဘာလိုချင်တာလဲ၊ ဘယ်လောက်ဆိုရင် မင်းနဲ့ လက်ထပ်လို့ ရမှာ လဲ”

“ကိုကောင်း”

အရောင်းအဝယ်တစ်ခုအတွက် ဈေးမေးသလို မေးနေခြင်းဖြစ်နေတာမို့ သူမ အသံစူးစူးလေးနှင့် အော်လိုက်မိသည် ။ နိမိတ်ကောင်းက သူမ ဘာဖြစ်လို့ အော်လိုက်သည် ဆိုတာ အာရုံမရပါ။ လိုချင်တာ မရမှာ စိုးလို့ တုန်လှုပ်ချောက်ချားနေသလိုဖြင့် ဇွတ်အတင်းဖြစ်နေသည် ။

ချစ်သူတစ်ယောက်ကို စွန့်လွှတ်ရမှာ စိုးလို့ ထိတ်လန့်သွေးဆူနေတာမှ ဟုတ်ရဲ့ လား။

“မင်း ကိုယ့်ကို အားနာတာတွေ, အထင်သေးတာတွေ မပြောနဲ့ ကိုယ် မင်းကို ချစ်တယ်လို့ ပြောခဲ့တာ လက်ထပ်ဖို့ အထိ ရည်ရွယ်လို့ ပဲ ဖေဖေနဲ့ ညီမလေးကိုလည်း ဖွင့်ပြောပြီးပြီး၊ ကိုယ် မင်းနဲ့ လက်ထပ်မယ်ဆိုတာ”

“သုံးသုံ ဘယ်လိုမိန်းကလေးဆိုတာ သိရဲ့ နဲ့ သဘောတူသလား၊ နောက်မှ သုံးသုံ နောင်တမရချင်ဘူး”

“ဘာကို နောင်တရမှာ လဲ”

“သူတို့ တောင်းတဲ့ အခွင့်အရေးကို ပေးပြီးမှ သုံးသုံနဲ့ လက်ထပ်ရတာ

ယ်ဆိုရင် ရှင် တစ်နေ့နေ့ သုံးသုံ့ကို အထင်မသေးရဘူးလို့ အာမခံမလား၊ ငွေနဲ့ ဝယ်လိုက်ရတဲ့ အတွက် တန်ကြေးဖြတ်ဖို့ ရှင် ဝန်လေးမှာ မဟုတ်ဘူး ”

“သုန္ဒရီ”

“သုံးသုံ ခေါင်းမာတာ မဟုတ်ဘူး ၊ ဒီဘဝကလည်း လွတ်မြောက်ချင်ပါတယ်၊ ဒါပေမဲ့ သုံးသုံ ကိုယ့်ဘဝကို ရောင်းစားတဲ့ အဖြစ်မျိုးတော့ မရောက်ချင်ဘူး”

“ကျွတ်”

စိတ်မရှည်သလို ညည်းညူလိုက်ရင်း သူမလက်ကလေးကို နိမိတ်ကောင်း ဆတ်ခနဲ ဆုပ်ကိုင်လိုက်သည်။

“မင်း ကိုယ့်ကိုချစ်တယ်ဆို သုန္ဒရီ”

“အဲဒါ အမှန်ပါပဲ၊ ရိုးသားစွာ ဝန်ခံတာပါ၊ ရှင့်ဆီက ဘာကိုမှ မက်မောလို့ မဟုတ်ဘူး ”

“ရပြီ၊ အဲလောက်ဆိုရင် မင်း ရိုးသားတယ်ဆိုတာ ကိုယ်သိပြီပဲ၊ မင်းကို ချိန်ခွင်လျှာပေါ်တင် ဈေးဖြတ်ရောင်းချင်တဲ့ သူတွေ, မရိုးသားတဲ့ သူတွေကြောင့် ကိုယ်က မင်းကို လက်လွှတ်အဆုံးရှုံးခံရမှာ လား”

“အဲလိုလည်း ”

“ကိုယ့်ကို တခြားကိစ္စမပြောပါနဲ့ သုန္ဒရီ၊ ခုချိန်ကစပြီး ကိုယ်စီမံတာပဲ နာခံပါ၊ ကိုယ့်အတွက် အခုချိန်မှာ မင်းက အရေးတကြီး လိုအပ်နေတယ်၊ ဘာကြောင့် ဆိုတာ နောက်တော့ မင်းသိလာမှာ ပါ၊ ဘယ်လိုလဲ မင်း ကိုယ့်ကို မငြင်းဘူးမဟုတ်လား”

သူမ ခေါင်းညိတ်လိုက်သလား မသိပေ။ နိမိတ်ကောင်း နှုတ်ခမ်းလေး ကွေးညွတ်ပြုံးကျသွားတာ တွေ့လိုက်ရပြီး သူမရင်တွေလည်း ကြည်နူးမှုတွေလျှံဝေသွား၏။

သူမ ဒီဘဝက တကယ်လွတ်မြောက်တော့မှာ လေ။

*